# (ဂ) လက်တွေ့လမ်းညွှန်ချက် - အကူအညီပေးရေးလုပ်ငန်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်

❗ **အကူအညီပေးရေးအေဂျင်စီ၏ ဝတ္တရားများ -**

- အကူအညီပေးရေးအေဂျင်စီအနေဖြင့် ၎င်း၏ ဝန်ထမ်းများအပေါ် ဂရုစိုက်ပေးရမည့် တာဝန်ရှိသည်။
- အကူအညီပေးရေးအေဂျင်စီအနေဖြင့် ၎င်းတို့ ကူညီမှုပေးရာ လူထုအပေါ်တွင် ဂရုစိုက်ပေးရမည့် တာဝန်ရှိသည်။
- အကူအညီပေးရေးအေဂျင်စီအနေဖြင့် အရေးကြီးသောဝန်ဆောင်မှုများကို ထိန်းထားနိုင်ရန် မိမိတို့လုပ်နိုင်သည်များကို လုပ်ဆောင်သင့်သည်။

**ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ရန် - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း ဝန်ထမ်းများနှင့် အကူအညီရယူသူများကို စီမံမှုဆိုင်ရာ လမ်းညွှန်ချက်**

အကူအညီပေးရေး အေဂျင်စီများအနေဖြင့် ဒရုန်းဖြင့် တိုက်ခိုက်ခံစဉ်အတွင်း ၎င်းတို့နှင့် လုပ်ကိုင်နေသော လူများအား မည်သို့စီမံခန့်ခွဲမည်ကို ကြိုတင်အစီအစဉ်ဆွဲထားသင့်သည်။ အဆိုပါ အစီအမံများသည် ဘေးကင်း လုံခြုံရေးအတွက် အာမမခံနိုင်ပေ။ အမျိုးမျိုးသော ဘေးအန္တရာယ်ဖြစ်နိုင်ချေများကိုလည်း ဆန်းစစ်ပြီး သင့်တင့် မျှတအောင် လုပ်ဆောင်သင့်သည်။

**လူစုလူဝေးဖြင့် ရှိနေစဉ် ဖြစ်ပါက လူများကို မတူညီသော ဦးတည်ရာများသို့ လူစုခွဲ၍ ပြေးခိုင်းခြင်းအားဖြင့် ဒရုန်းမောင်းနှင်သူမှ မည်သူ့ကို ပစ်မှတ်ထားလိုက်ရမည်ကို မသိဖြစ်စေမည်။**

- ဝန်ထမ်းအားလုံးမှ အရေးပေါ်လုပ်ငန်းစဉ်များကို သိရှိထားရန် သေချာလုပ်ထားရမည်။
- ဆက်သွယ်ရေးနည်းလမ်းများကိုလည်း ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ပြီး ရည်မှန်းထားသည့်အတိုင်း အဆိုပါနည်းလမ်းများ အလုပ်ဖြစ်သည်ကို သေချာအောင် လုပ်ထားရမည်။
- လူထုကို လမ်းညွှန်မှုပေးမည့် ဝန်ထမ်းများမှာ ကောင်းစွာသင်တန်းရရှိထားပြီး ဒရုန်းဖြင့် တိုက်ခိုက်ခံ ရစဉ် မည်သို့လုပ်ဆောင်ရမည်ကို သိနေစေရန် သေချာလုပ်ထားရမည်။

**အကူအညီပေးရေးလုပ်သားများအတွက် ပုန်းခိုစရာများ/အကာအကွယ်များ လက်လှမ်းမီစေရေးကို သေချာ အောင် လုပ်ဆောင်ရမည်။**

- ပုန်းခိုနိုင်မည့် လုံခြုံဘေးကင်းရာ နေရာများ ဘယ်မှာရှိသည်ကို ဝန်ထမ်းအားလုံး သိနေစေရမည်။
- ဝန်ထမ်းများနှင့် မိမိအေဂျင်စီ ကူညီပေးရာ လူထုအတွင်းမှ ထိရှလွယ်သူများအား မည်သို့အကူအညီပေးရမည်ကို လမ်းညွှန်ချက်များရေးဆွဲထားရမည်။

**အခြေအနေစောင့်ကြည့်ရန် တစ်စုံတစ်ယောက်ကို တာဝန်ပေးထားပြီး ဖြစ်ပေါ်နေသည်များကို သတင်းပို့ခြင်းကို သေချာအောင် လုပ်ထားရမည်။**

- အခြေအနေစောင့်ကြည့်ရန် တစ်စုံတစ်ယောက်ကို သေချာတာဝန်ပေးထားပါ။
- အဆိုပါတာဝန်ပေးခံရသူကို မည်သည်ကို စောင့်ကြည့်ရမည်ကို သင်တန်းပေးထားပါ။
- ရှင်းလင်းသော ဆက်သွယ်သတင်းပို့လမ်းကြောင်းကို ပြုလုပ်ထားပြီး စောင့်ကြည့်မှုသတင်းအချက် အလက်များကို တာဝန်ရှိသူ (သို့) အခြားသက်ဆိုင်သူများ/ လူထုများအား ပေးပို့ရာတွင် မည်သည့် အချက်လက်များလိုအပ်သည်ကို သတ်မှတ်ထားပါ။

**ဘေးကင်းပါက အရေးပေါ်စောင့်ရှောက်မှုပေးရန် ပြင်ဆင်ပါ။**

- အရေးပေါ် သူနာပြုဆေးကုသမှုပေးရန် လိုအပ်သော ဆေးဝါးကိရိယာများ ရရှိနိုင်ရန် သေချာစွာ လုပ်ဆောင်ထားပါ။
- နှစ်ကျော့ပြန် တိုက်ခိုက်ခြင်းဖြစ်နိုင်ချေကို သတိထားပြီး သင့်တော်သလို ဆောင်ရွက်ပါ။ (အဆိုပါ တိုက် ခိုက်မှုများမှာ ကနဦးတိုက်ခိုက်မှုအပြီး နောက်တစ်ခါပြန်တိုက်ခိုက်ခြင်းဖြစ်ပြီး အရေးပေါ် တုံ့ပြန် ဆောင်ရွက်သူများကို ပစ်မှတ်ထားလေ့ရှိသည်။

**ဆင်းသက်သော (သို့) ပျက်ကျသော ဒရုန်းဆီသို့ ချဉ်းကပ်ခြင်းအတွက် လမ်းညွှန်ချက်**

- **ဒရုန်း၏ သတ်ကွင်းသည် (၇)မီတာ သို့မဟုတ် ၎င်းအထက်ရှိသည်။**

လူများအား မြေသို့ကျဆင်းလာသော ဒရုန်းများမှ စိတ်ချရသော အကွာအဝေးတွင်သာ နေစေရမည်။

- **မည်သည့်ခဲယမ်းများမဆို (သို့) ခဲယမ်းများ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ထိတွေ့ခြင်းမှ ရှောင်ကြဉ် ခိုင်းပါ။**

၎င်းတို့သည် ပေါက်ကွဲနိုင်ဆဲဖြစ်နိုင်ခြင်း၊ ထိလိုက်ပါက ပေါက်ကွဲစေရန် ထောင်ချောက်ဆင်ထားခြင်း ဖြစ်နိုင်ပေသည်။

- **ဒရုန်းမောင်းနှင်သူသည် ဒရုန်းကင်မရာမှတစ်ဆင့် စောင့်ကြည့်နိုင်ဆဲဖြစ်ကြောင်း သတိပြုပါ။**

ဒရုန်းဆီသို့ တစ်စုံတစ်ယောက်ချဉ်းကပ်လာပါက ဖောက်ခွဲနိုင်ရန် ဒရုန်းမောင်းနှင်သူမှ ပြုလုပ်နိုင်သေး သည်။

- **ဒရုန်းကင်မရာ မျက်နှာမူရာဖက်ခြမ်းမှ ဒရုန်း (သို့) ၎င်းအစိတ်အပိုင်းများသို့ မချဉ်းကပ်ပါနှင့်။**

ကင်မရာကောင်းသေးပုံပေါ်ပါက တစ်စုံတစ်ဦးချဉ်းကပ်လာသည်ကို မောင်းနှင်သူ မမြင်ပါစေနှင့်။

- **ဒရုန်းအပိုင်းအစ (သို့) မပေါက်ကွဲသေးသည့် ခဲယမ်းများဆီသို့ လမ်းကြောင်းဆွဲပါ။**

ဖြစ်နိုင်ပါက ဒရုန်းဆီသို့ ဘေးကင်းသော သွားရာလမ်းကြောင်းသတ်မှတ်ပြီး ချဉ်းကပ်သွားရန် သင်တန်း ရထားသူသာ သွားခွင့်ပြုပါ။

- **ကျည်အခြင်း (ပေါက်ကွဲရန် မအောင်မြင်သည့် ခဲယမ်းများ) ဖြစ်နိုင်ချေကိုလည်း သတိပြုပါ။**

မပေါက်ကွဲနိုင်ပဲ ရှိနေသော ဒရုန်းများ၊ သစ်ပင်များ/ လျှပ်စစ်မီးကြိုးများနှင့် ငြိနေသော ဒရုန်းများ ပါဝင် သည်။

- **ဖြစ်နိုင်သည့် နောက်ဆက်တွဲ ဘေးအန္တရာယ်များကိုလည်း သတိထားရမည်။**

နံရံများပြိုကျခြင်း၊ မှန်များလွင့်စင်ခြင်းနှင့် မီးလောင်ခြင်းတို့ ပါဝင်သည်။

- **နှစ်ကျော့ပြန် ဒရုန်းတိုက်ခိုက်ခြင်း ဖြစ်နိုင်ချေကိုလည်း သတိပြုရမည်။**

ကနဦးတိုက်ခိုက်မှုအပြီး နောက်တစ်ခါထပ်တိုက်ခိုက်ခြင်းဖြစ်ပြီး ရှေးဦး အရေးပေါ် တုံ့ပြန်သူများအား ပစ်မှတ်ထားတတ်သည်။

**အောက်ပါ လမ်းညွှန်ချက်တစ်ခုချင်းစီကို သီးခြားစာစောင်အနေဖြင့် ဖတ်ရှုနိုင်သည် -**

[လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက]

[လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက]

[လက်တွေ့လမ်းညွှန်ချက် - ခရီးသွားလာနေစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်]

Insecurity Insight

## လက်တွေ့လမ်းညွှန်ချက် - အကူအညီပေးရေးလုပ်ငန်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်

| | |
|---|---|
| ပြင်သစ်ဘာသာဖြင့် ဤလမ်းညွှန်ချက်ကို ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ |

Insecurity Insight အဖွဲ့မှ ၄င်းတို့၏ ဇန်နဝါရီလ (၂၀၂၅)ခုနှစ်ထုတ် အစီရင်ခံစာ (*Hovering Threats: The Challenges of Armed Drones in Humanitarian Contexts*) ထုတ်ပြန်ပြီးနောက် ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ဤစာတမ်းကို ပြုစုခြင်းဖြစ်သည်။ ဤစာတမ်းကို အခြေခံ၍ ပြုလုပ်သော ဆုံးဖြတ်ချက်အားလုံးသည် ထိုသို့ ဆုံးဖြတ်ရာ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ တာဝန်သာဖြစ်သည်။

ဤစာတမ်းကို ကိုးကားရာတွင် ရည်ညွှန်းအသုံးပြုရန်မှာ - Insecurity Insight. 2025. Sudden Threats from the Sky: Security Measures against Drone Strikes, May 2025. Switzerland: Insecurity Insight. https://bit.ly/SRMDronesAidDealMY